“ရွှေကို ရွှေဖြင့်လည်းကောင်း၊ ငွေကို

ငွေဖြင့်လည်းကောင်း၊ ဂျုံကို ဂျုံဖြင့်လည်းကောင်း၊မုယောစပါးကို မုယောစပါးဖြင့်လည်းကောင်း၊

စွန်ပလွံသီးကို စွန်ပလွံသီးဖြင့်လည်းကောင်း၊ ဆားကိုဆားဖြင့်လည်းကောင်း (လဲလှယ်ရာတွင်) အတိုင်းအတာ

သို့မဟုတ် အလေးချိန် ချင်းတူညီရမည်။ ပြီးလျှင်

လက်ငင်းလဲလှယ်ရမည်။ အကယ်၍ ဤအရာများသည် အမျိုးအစားကွဲပြားပါက ချက်ချင်းလက်ငင်းလဲဖြစ်ပါလျှင်

သင်တို့အလိုရှိသလို ရောင်းချကြလော့။”

အုဗာဒဟ် ဗင်န် စွာမိသ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ “ရွှေကို
ရွှေဖြင့်လည်းကောင်း၊ ငွေကို ငွေဖြင့်လည်းကောင်း၊ ဂျုံကို ဂျုံဖြင့်လည်းကောင်း၊မုယောစပါးကို မုယောစပါးဖြင့်လည်းကောင်း၊ စွန်ပလွံသီးကို
စွန်ပလွံသီးဖြင့်လည်းကောင်း၊ ဆားကို ဆားဖြင့်လည်းကောင်း (လဲလှယ်ရာတွင်)
အတိုင်းအတာ သို့မဟုတ် အလေးချိန် ချင်းတူညီရမည်။ ပြီးလျှင် လက်ငင်းလဲလှယ်ရမည်။
အကယ်၍ ဤအရာများသည် အမျိုးအစား ကွဲပြားပါက ချက်ချင်းလက်ငင်းလဲဖြစ်ပါလျှင်
သင်တို့အလိုရှိသလို ရောင်းချကြလော့။” [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် အတိုးဖြစ်သော ပစ္စည်းခြောက်မျိုး (ရွှေ၊ ငွေ၊ ဂျုံ၊ မုယောစပါး၊ စွန်ပလွံသီး၊ ဆား) ကို ရောင်းဝယ် ဖောက်ကားရာတွင်မှန်ကန်သောနည်းလမ်းကို ရှင်းလင်းတင်ပြတော်မူခဲ့သည်။ ထိုပစ္စည်းအမျိုးအစားတူ (ဥပမာရွှေကိုရွှေဖြင့်၊ ငွေကို ငွေဖြင့်) ရောင်းဝယ်ပါက စည်းကမ်းချက်နှစ်ချက် လိုအပ်သည်။၁။ ရွှေ၊ ငွေကဲ့သို့ အလေးချိန်ဖြင့် ရောင်းဝယ်ရသော ပစ္စည်းများတွင် အလေးချိန်ညီမျှခြင်း၊ သို့မဟုတ် ဂျုံ၊ မုယောစပါး၊ စွန်ပလွံ၊ ဆားကဲ့သို့ ချိန်တောင်းဖြင့်ရောင်းဝယ်ရသော ပစ္စည်းများတွင် ချင်တွယ်ခွက်ညီမျှခြင်း။ ၂။ ရောင်းဝယ်သည့် မဂျ်လိစ် (အရောင်းအဝယ်ပြုလုပ်ရာ ထိုင်ဝိုင်း) အတွင်းမှာပင် ရောင်းသူက ငွေကို ချက်ချင်းလက်ငင်းလက်ခံရယူခြင်းနှင့် ဝယ်သူက ကုန်ပစ္စည်းကို ချက်ချင်းလက်ငင်း လက်ခံရယူခြင်း။ အကယ်၍ဤပစ္စည်းအမျိုးအစားများ ကွဲပြားသွားပါက ဥပမာ- ရွှေကို ငွေဖြင့်လဲလှယ်ရောင်းဝယ်ခြင်း၊ စွန်ပလွံသီးကို ဂျုံဖြင့် လဲလှယ်ရောင်းဝယ်ခြင်း စသည်တို့တွင်အရောင်းအဝယ် ပိုင်ရန်အတွက် စည်းကမ်းချက်တစ်ခု လိုအပ်သည်။ ၎င်းမှာ အရောင်းအဝယ်ပြုလုပ်သည့် ထိုင်ဝိုင်းအတွင်းမှာပင် ရောင်းသူက ငွေကို ချက်ချင်းလက်ငင်းလက်ခံရယူခြင်းနှင့် ဝယ်သူက ကုန်ပစ္စည်းကို ချက်ချင်းလက်ငင်း လက်ခံရယူခြင်း ဖြစ်သည်။ထိုသို့မဟုတ်ပါက ရောင်းဝယ်မှုမှာ ပျက်ပျားသွားပြီး ရောင်းသူနှင့်ဝယ်သူနှစ်ဦးစလုံးသည် ဟရာမ်ဖြစ်သောအတိုးစားခြင်း၌ ကျရောက်သွားသည်။